ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# စစ်တွေ ကွန်ပျူတာတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးဒေါ်စိုးဟေမာအား ရာထူးအဆင့်နိမ့်ပြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းနှင့်ပတ်သတ်၍ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဇူလိုင် (၂၀) ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၃/၀၈

ရခိုင်ပြည်နယ်၊ စစ်တွေ ကွန်ပျူတာ တက္ကသိုလ်မှ ခေတ္တကျောင်းအုပ်ကြီး ဒေါ်စိုးဟေမာအား နအဖအာဏာပိုင်များက ကျောင်းသူ၊ ကျောင်းသားအများစု လက်မှတ်ထိုးဆန္ဒပြတောင်းဆိုနေသည့်ကြားမှ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ရာထူးလျှော့ပြီး လက်ထောက်ကထိကရာထူးဖြင့် တောင်ငူကွန်ပျူတာတက္ကသိုလ်သို့ အတင်းအကြပ် ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်စေခဲ့ကြောင်း ကြားသိခဲ့ရသဖြင့် မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအနေဖြင့် ရခိုင်ကျောင်းသားထု တရပ်လုံး ကိုယ်စား အထူးစိတ်မကောင်း ဖြစ်ရပေသည်။

ဆရာမကြီးသည် ရခိုင်ကျောင်းသူ၊ ကျောင်းသားများ၏ သာရေး၊ နာရေးနှင့် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများကို အာဏာပိုင်များက ဆင်ခြေအမျိုးမျိုးသုံး ကန့်သတ်တားမြစ်ထားသည့်ကြားမှ တတ်စွမ်းသမျှ ပံ့ပိုးကူညီခဲ့သူဖြစ်သည်။ စစ်အာဏာရှင်စနစ်အောက်မှ ကျောင်းသားထုတစ်ရပ်လုံး၏ အဖိနှိပ်ခံဘဝနှင့် ခံစားချက်ကို စာနာနားလည်ကာ ကျောင်းသားအခွင့်အရေး တောင်းဆိုမှုကိစ္စများကို မိမိ၏လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ တတ်စွမ်းသရွေ့လိုက်လျောခဲ့သူလည်းဖြစ်သည်။

သို့သော် နအဖစစ်အာဏာရှင်များသည် စေတနာ၊ ဝါသနာ၊ အနစ်နာစသော နာ (၃) နာကို အရင်းတည်လျက် ကျောင်းသူ၊ ကျောင်းသားများအား ကျောင်းနေပျော်၍ စာတော်စေရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသော ဆရာ၊ ဆရာမများကို ၎င်းတို့၏ မူဝါဒနှင့် လမ်းစဉ်များကို အကောင်အထည်ဖော်ပေးမည့် အခွင့်အရေးလိုလားသော ဆရာတု၊ ဆရာယောင်များဖြင့် အစားထိုးရန်သာ အစဉ်တစိုက်ကြိုးပမ်းနေသည်ကို လက်ရှိဖြစ်ရပ်က အထင်အရှား သက်သေပြလျက်ရှိပေသည်။

နအဖစစ်အာဏာရှင်များသည် ကျောင်းသားအခွင့်အရေးများကို နည်းလမ်းမျိုးစုံသုံး၍ ပိတ်ပင်ကာ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်သည့် ကျောင်းပတ်ဝန်းကျင်ကို ပျက်သုဉ်းရန် ကြံစည်လျက်ရှိသည်။ စစ်ဗိုလ်၊ စစ်သားများအား ကျောင်းအုပ်ချုပ်ရေး တာဝန်ကို အာဏာကုန်လွှဲလျက် ကျောင်းသားဘဝကပင် စစ်ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရားနှင့် အသားကျ ခေါက်ရိုးကျိုးနေစေရန် လုပ်ဆောင်လျက်ရှိသည်။ ဤလုပ်ရပ်များသည် စစ်အာဏာရှင်များ ကြွေးကြော်လျက်ရှိသည့် “ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး”တည်ဆောက်ရာတွင် အလုပ်အကျွေးပြုနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များကိုလည်း မွေးထုတ်ပေးနိုင်လိမ့်မည် မဟုတ်ချေ။

သို့ဖြစ်ပါ၍ အာဏာပိုင်များအနေဖြင့် ကျောင်းသားထုတစ်ရပ်လုံး၏ ရပိုင်ခွင့်နှင့် ခံစားချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်ပါကိစ္စရပ်များကို အာဏာပိုင်များက အလျင်မြန်ဆုံး အရေးယူ ဆောင်ရွက်ပေးရန် ရခိုင်ကျောင်းသားထုတရပ်လုံးကိုယ်စား မိမိတို့ ရ၊ က၊ လ၊ စ မှ ပြင်းထန်စွာတောင်းဆိုလိုက်သည်။

၁။ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ (သို့) ကျောင်းသား သမဂ္ဂဖွဲ့စည်း ထူထောင်ခွင့်ပေးရန်။
၂။ ကျောင်းအုပ်ချုပ်ရေးတွင် စစ်ဗိုလ်၊ စစ်သားများ ဝင်ရောက်ချယ်လှယ်နေမှုအား ရပ်ဆိုင်းပေးရန်။

၃။ ကျောင်းသား၊ မိဘ၊ ဆရာများအား ဒီမိုကရေစီနည်းလမ်းကျရွေးချယ်တင်မြှောက်ထားသော ကျောင်းအုပ်ချုပ်ရေးအဖွဲ့အား ခန့်အပ်ခွင့်ပေးရန်။
၄။ ဆရာမကြီး  ဒေါ်စိုးဟေမာအား စစ်တွေ ကွန်ပျူတာတက္ကသိုလ်တွင် ပြန်လည်ခန့်အပ်ပေးရန်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌါနချုပ်
ထိုင်း–မြန်မာနယ်စပ်

**ဆက်သွယ်ရန်**

ရဲဘော် ထွန်းဇော်
တွဲဖက်အတွင်းရေးမှူး (၁)
Tel - +66 816 808 934